

# ကျင့်ကြံခြင်းကမ္ဘာ

တာအိုလုလင် (ယွမ်)

(စာစဉ် – ၄) (Chapter 46 - 60)

# အခန်း (၄၆)
# အခြေအနေကို လေ့လာခြင်း

"ဘာဖြစ်တာလဲ အစ်ကိုယွမ်....? အစ်ကိုက ဗိုက်ပြည့်သွားပြီလား....?"

သူက အစားစားနေသည်ကို ရပ်လိုက်ကြောင်း သတိပြုမိပြီးနောက်တွင် ရှောင်ဟွာက သူ့ကို မေးလိုက်သည်။

"မဟုတ်ဘူး.... မပြည့်သေးဘူး...."

ယွမ်က အစားအသောက်များကို ပါးစပ်ထဲသို့ လျှင်မြန်စွာ ပြန်လည်ထိုးသွားလိုက်လေ၏။ သို့သော်.... သူ့နားကမူ စွင့်ထားဆဲဖြစ်ပြီး သူ့နောက်တွင်ရှိသော ကစားသမားအဖွဲ့အား အာရုံစိုက်နေခဲ့ပါသည်။ သူက သူတို့ပြောနေသည့် ထိုကစားသမားယွမ်ကို သိချင်နေမိသည်။

သေချာပါတယ်.... သူတို့က ငါနဲ့ နာမည်တူတဲ့ လူတစ်ယောက်ယောက်ကို ပြောနေတာ ဖြစ်ရမယ်....ဟုတ်တယ်ဟုတ်....?

ပြီးတော့ကား.... ယနေ့ခေတ်တွင် ဂိမ်းအများစု၌ နာမည်ထပ်၍ မရဟူသည့် လုပ်ဆောင်ချက်အား ဖယ်ရှားထားပြီ ဖြစ်သောကြောင့် နာမည်တူများ ရှိနေသည်မှာ ပုံမှန်ဖြစ်နေခဲ့ချေပြီ။ သူတို့က တစ်စုံတစ်ဦးသည် သူတို့ထက်အရင် နာမည်ယူသွားခြင်းကြောင့် သူတို့လိုချင်သည့် နာမည်ကို မရတော့သည့်အတွက် ဒေါသထွက်ခြင်းများ ဖြစ်တော့မည် မဟုတ်ပေ။

"စဉ်းစားကြည့်ဦး..... အဲ့ဒီကစားသမားယွမ်က တော်တော်လေး ဆန်းကြယ်တယ်..... ဦးနှောက်ရှိတဲ့ လူတိုင်းက အရမ်းနာမည်ကြီးလာချိန်

မှာ သူတို့ရဲ့ တည်ရှိမှုကို ဖုံးကွယ်ထားမှာ မဟုတ်ဘူး.... သူက သူ့ရဲ့အိုင်ဒီကို ဆက်ပြီး ဖုံးကွယ်ထားမယ်ဆိုရင် လူတွေက သူ့အကြောင်းကို မကြာခင် မေ့သွားလိမ့်မယ်..... အဲ့ဒါက ကျော်ကြားဖို့အတွက် ကြီးမားတဲ့ ဒီအခွင့်အလမ်းကို ဖြုန်းတီးလိုက်တာပဲ....."

"ကစားသမားယွမ်က အမွေခံမိသားစုက လူတစ်ယောက်ဖြစ်မယ်လို့ မင်းထင်လား....?"

"အဲ့ဒါက မဖြစ်နိုင်ဘူး..... အမွေခံမှာ ရှိတဲ့လူတိုင်းက ဂိမ်းထဲမှာရှိတဲ့ သူတို့ရဲ့ အိုင်ဒီကို ကမ္ဘာသိအောင် ကြေငြာထားပြီးပြီ.... ပြီးတော့.... လူတစ်ယောက်က ဂိမ်းအုပ်ထုပ် နှစ်ခုဝယ်ထားရင်တောင် ဒီဂိမ်းထဲမှာ မတူညီတဲ့ ဇာတ်ကောင်နှစ်ခု လုပ်ဖို့မဖြစ်နိုင်ဘူးဆိုတာ ငါတို့သိထားတာပဲ....."

"အဲ့ဒီကစားသမားယွမ်က ဘယ်သူဖြစ်ဖြစ် ကိစ္စမရှိဘူး....! သူ့ခေါင်းအတွက် ဆုကြေးငွေ ရှိနေသရွေ့.... လူတိုင်းက သူ့ကို သတ်ဖို့ ရည်ရွယ်ကြလိမ့်မယ်...."

'အိုး ကောင်းကင်ဘုံ..... အဲ့ဒီကစားသမားယွမ်က တခြားကစားသမားတွေကို အရမ်းဒေါသထွက်အောင် ဘာတွေများ လုပ်ခဲ့တာတုန်း....?'

ယွမ်က ကစားသမားသမားများ စကားပြောနေသည်ကို နားထောင်ရင်း သူ့ပါသူ တိတ်တဆိတ် တွေးလိုက်မိသည်။

မိနစ်အနည်းငယ် ကြာပြီးနောက်တွင် ယွမ်က သူ၏ သိချင်စိတ်ကို မထိန်းနိုင်တော့ဘဲ ကိုယ်ကိုလှည့်ကာ ကစားသမားများကို စကားပြောလိုက်လေ၏။

"ခွင့်ပြုပါဦး.... ခင်ဗျားတို့က အဲ့ဒီကစားသမားယွမ်အကြောင်းကို ပိုပြီး ပြောလို့ရမလား....? တခြားလူတွေက သူ့ကို သတ်ချင်လာအောင် သူက

ဘာတွေ လုပ်ခဲ့တာလဲ....?"

သူ့မေးခွန်းကို ကြားသောအခါ ကစားသမားများက သူ့အား ထူးဆန်းသော အမူအရာဖြင့် ကြည့်လိုက်ကြသည်။

"ဟမ်.... မင်းက ကစားသမားယွမ်အကြောင်းကို မသိဘူးလား....? မင်းက အင်တာနက်ပေါ်ကို နောက်ပိုင်း မရောက်ဖြစ်တာလား....? ဂိမ်းကို မကစားတဲ့ လူတွေတောင် သူ့အကြောင်းကို သိကြတယ်....!"

သူတို့ထဲမှ တစ်ဦးက သူ့ကို ပြောလာခဲ့သည်။

"ကံမကောင်းစွာနဲ့ဘဲ ကျုပ်က အင်တာနက် မသုံးဖြစ်ဘူး...."

ယွမ်က ခါးသီးသော အပြုံးတစ်ခုဖြင့် ပြောလိုက်လေ၏။

"ကောင်းပြီ.... ကစားသမားယွမ်က လက်ရှိမှာ မဖြစ်နိုင်တဲ့ မြန်ဆန်လွန်းတဲ့ အရှိန်မျိုးနဲ့ လွှမ်းမိုးလာတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ကစားသမားတစ်ယောက်ပဲ.... သူက ဂိမ်းသူခိုးတစ်ယောက်ဖြစ်မယ်လို့ စွပ်စွဲမှုတွေတောင် ရှိတယ်...."

"ဂိမ်းသူခိုးတစ်ယောက်လား....?"

ယွမ်က အံ့အားသင့်မှုကြောင့် မျက်လုံးပြူးသွားခဲ့သည်။ လူတစ်ဦးက ဤဂိမ်းကို မည်ကဲ့သို့ ခိုးဆောင်နိုင်ပါသနည်း....?

"အဲ့ဒါကြောင့်ပဲ လူတွေက သူ့ကို ပီကေ(PK)လုပ်ချင်နေကြတာလား....? သူက ဂိမ်းကို ခိုးပြီးဆော့တာကြောင့်လား....?"

ထို့နောက်တွင် သူက မေးလိုက်လေ၏။

"အဲ့ဒါက လူတွေ သူ့ကို သေစေချင်ရတဲ့ အကြောင်းရင်းများစွာထဲက တစ်ချက်ပဲ ရှိသေးတယ်.... ကောင်းပြီ.... အကြီးမားဆုံး အကြောင်းပြချက်ကတော့ လက်ရှိအချိန်မှာ ပြောရရင် ဂိမ်းထဲမှာ နတ်ဘုရားတစ်ပါးလို

တည်ရှိနေတဲ့ ကစားသမားယွမ်ကို သူတို့က မနာလိုအားကျနေတာကြောင့်ပဲ...."

"နတ်ဘုရားလို တည်ရှိမှု....?"

ယွမ်က အံ့ဩတကြီး ဖြစ်သွားခဲ့သည်။

"ဒါပေါ့..... သူ့မှာ ဒီဗိုင်းအဆင့် နည်းစနစ်တစ်ခု ရှိတဲ့အပြင် ဒီဗိုင်းအဆင့် အစေခံတစ်ယောက်လည်း ရှိတယ်....! ပြီးတော့ ဂိမ်းက စထွက်တာ မကြာသေးဘူးလေ....! လူတွေက သူ့ကို ဂိမ်းသူခိုးလို့ ခေါ်တာ အံ့ဩစရာ မဟုတ်ပါဘူး....! မဟုတ်ရင် သူက ဘယ်လိုမျိုး မြန်မြန် တိုးတက်နိုင်မှာလဲ...?"

"အမ်....?"

ထိုစကားများကို ကြားလိုက်သောအခါ ယွမ်က တုန်လှုပ်မှုကြောင့် မျက်လုံးပြူးသွားခဲ့လေ၏။

ဒီဗိုင်းအဆင့် နည်းစနစ်နဲ့ ဒီဗိုင်းအဆင့် အစေခံလား....?

သူက ရှောင်ဟွာကို ဖြည်းညှင်းစွာ လှည့်ကြည့်ပြီး တံတွေးမျိုချလိုက်မိသည်။

ဒါက.... သေချာပေါက် တိုက်ဆိုင်တာပဲ ဖြစ်ရမယ်....!

ယွမ်၏ စိတ်ရှုပ်ထွေးသည့် အမူအရာကို မြင်လိုက်ချိန်တွင် ကစားသမားများက ကျယ်လောင်စွာ ရယ်မောလိုက်ကြသည်။

"ဟားဟားဟား..... မင်းဘယ်လို ခံစားနေရမလဲဆိုတာကို ငါတို့ သိပါတယ်.... လူငယ်လေး....! ငါတို့လည်း အဲ့ဒါကို စစကြားတုန်းက မင်းလိုပါပဲ....!"

"ဒါပေမယ့်... အဲ့ဒီကစားသမားယွမ်က အစွမ်းထက်တဲ့အပြင် သူက မယုံနိုင်လောက်အောင်ကို ချမ်းသာတယ်.... သူက မကြာသေးခင်ကပဲ ရွှေပြား

တစ်သန်းကို ရခဲ့တယ်လေ….. ပြီးတော့ ချမ်းသာခြင်းအဆင့်ဇယားမှာ ပထမ ဖြစ်နေတယ်….!"

"ပြီးတော့ သူက မြေအောက်စမ်းသပ်ခန်းတစ်ခုကိုလည်း လက်ရှိမှာ တစ်ကိုယ်တော် ရှင်းလင်းထားသေးတယ်….!"

"___"

ယွမ်က သူတို့၏ စကားများကြောင့် ချေးများ တဒီးဒီး ထွက်လာခဲ့လေ၏။

'ကောင်းကင်ဘုံ….! သူတို့က တကယ့်ကို ငါ့အကြောင်း ပြောနေတာပဲ….!'

သဘောပေါက်သွားပြီးနောက်တွင် သူက စိတ်ထဲတွင် အော်ငိုလိုက်မိသည်။

"ကျုပ်…. ကျုပ်သိပြီ…."

သူက တည်ငြိမ်မှု ရှိစေရန် အကောင်းဆုံး ကြိုးစားပြီး သူတို့ကို ပြောလိုက်သည်။

"ဒီသတင်းအတွက် ကျေးဇူးတင်ပါတယ်…. ကျုပ်လည်းပဲ အခုကနေစပြီး အဲ့ဒီကစားသမားယွမ်ကို မျက်လုံးထောင့်ထောက် ကြည့်နေရမယ်…."

"ကံကောင်းပါစေ…. ပျိုရေ….! ငါတို့လည်း အဲ့ဒီကစားသမားယွမ်ကို ရှာပြီး သတ်ဖို့ အကောင်းဆုံး ကြိုးစားရမယ်….! ဒါပေမယ့် လက်ရှိမှာ ကစားသမားတိုင်းက သူ့ကို ရှာဖွေနေတာဆိုတော့… အဲ့ဒါက လွယ်မှာတော့ မဟုတ်လောက်ဘူး….!"

ကစားသမားများက သူ့အား တောက်ပစွာ ပြုံး၍ ပြောခဲ့လေ၏။ များမကြာမီတွင် သူတို့က စားသောက်ဆိုင်မှာ ထွက်ခွာသွားကြသည်။

"___"

ယွမ်က လျင်မြန်စွာဖြင့် ကိုယ်ကိုလှည့်ကာ ဆက်လက်စားသောက်လိုက်သည်။ သူ့နောက်ကျောတွင်မူ ချွေးများ ရွှဲနစ်နေခဲ့လေ၏။

'ဘာလားဟ.....? ငါက သေချာပေါက် ဂိမ်းသူခိုးမဟုတ်ဘူးလေ....! လူတွေက ဘာမှမသိဘဲနဲ့ ငါ့ကို ဂိမ်းသူခိုးလို့ ဘယ်တောင် စွပ်စွဲဝံ့တာလဲ....?'

ထိုအခိုက်အတန့်မှစ၍ ယွမ်သည် သူ့အိုင်ဒီအား အခြားကစားသမားများမသိအောင် လျှို့ဝှက်ထားမည်ဟု ကျိန်ဆိုလိုက်ပါသည်။ လူများက သူ၏အစစ်အမှန် အိုင်ဒီကို သိသွားခဲ့လျှင် ၎င်းသည် ဒုက္ခနှင့် လှလှကို တွေ့ဆုံစေပါလိမ့်မည်။ သူက အခြားကစားသမားများအား အနိုင်ယူရန် လုံလုံလောက်လောက် အစွမ်းထက်နေခဲ့လျှင်ပင် သူက အနာဂတ်တွင် သူ့သွားသည့်လမ်း၌ တွေ့ဆုံသမျှ ကစားသမားတိုင်းနှင့် မတိုက်ခိုက်လိုခဲ့ပေ။

'ကိစ္စတွေက အခုချိန်မှာ ဘာလို့ အရမ်းရှုပ်ထွေးလာတာလဲ....? ငါက နည်းနည်းလေး ကံကောင်းတာနဲ့ပဲ ဘာလို့ ကမ္ဘာမှာရှိတဲ့ ကစားသမားတိုင်းက ငါ့ကို အမဲလိုက်ရတာလဲ....? ငါက လူတိုင်းလိုပဲ ဂိမ်းထဲမှာ ပျော်ချင်ရုံပဲလေ.....!'

ယွမ်က စိတ်ထဲတွင် သက်ပြင်းချလိုက်မိသည်။

သို့သော်လည်း ထိုအခြေအနေက သူမထိန်းချုပ်နိုင်သည့် အရာဖြစ်လေ၏။ သူက လူများသည် မကြာခင်တွင် သူ့အကြောင်းကို မေ့သွားစေရန် ဆုံတောင်းရုံသာ တတ်နိုင်ခဲ့ပါသည်။

ထိုအချိန်၌ ရှောင်ဟွာနှင့် လော့လီက ယွမ်အား စဉ်းစားနေသောအမူအရာဖြင့် စိုက်ကြည့်နေခဲ့သည်။ သူတို့က ယခုအချိန်တွင် ယွမ်နှင့် အခြားကစားသမားများ၏ စကားဝိုင်းကို နားမလည်နိုင်ခဲ့ချေ။ သို့သော်လည်း သူတို့က စက္ကန့်အနည်းငယ်အကြာ၌ လက်လျှော့လိုက်ပြီး ၎င်းက သူတို့၏ ကိစ္စမဟုတ်သဖြင့် ဆက်လက်စားသောက်လိုက်လေ၏။

တစ်နာရီကြာပြီးနောက်တွင်.... ယွမ်က လုံးဝန်းနေသည့် သူ့ဗိုက်အား ကျေနပ်သော အမူအရာဖြင့် ပွတ်သပ်လိုက်သည်။

"အား.... ဒါက အံမခန်းပဲ...."

"လော့လီက တခွိခွိရယ်ပြီး သူ့ကို ပြောလိုက်လေ၏။

"ပိုပြီး အံမခန်းဖြစ်တာက တာအိုရောင်းရင်းယွမ်ရဲ့ အစာအိမ်ပဲ.... မင်က အရာအားလုံးကို တကယ်ပဲ စားလိမ့်မယ်လို့ မထင်ခဲ့မိဘူး.... ပြီးတော့ နင့်ရဲ့စွမ်းရည်ကို သံသယဝင်မိတဲ့အတွက် ငါတောင်းပန်ပါတယ်...."

"သခင်မလေး.... ကျသင့်ငွေက ရွှေပြား ၆ ပြားပါ...."

ထို့နောက်တွင် စားပွဲထိုးက သူမကို ပြောလာခဲ့သည်။

"နောက်ပြီးရင် ပိုက်ဆံပေးဖို့ လူလွှတ်လိုက်မယ်...."

သူမက ခေါင်းငြိမ့်လိုက်လေ၏။

မိနစ်အနည်းငယ် ကြာပြီးနောက်တွင်... စားသောက်ဆိုင်ထဲရှိ စားဖိုမှူးများနှင့် ဝန်ထမ်းများ အားလုံးက သူတို့ကို အရိုအသေပေးရန် အပြင်သို့ ထွက်လာကြသည်။

"သခင်မလေးနဲ့ မိတ်ဆွေတွေကို လာရောက်စားသုံးမှုအတွက် ကျေးဇူးတင်ပါတယ်...."

သူတို့က ပြောလာခဲ့သည်။

"ငါတို့ အခုဘာလုပ်သင့်လဲ တာအိုရောင်းရင်းယွမ်....?"

လော့လီက စားသောက်ဆိုင်ထဲမှ ထွက်လာပြီးနောက်တွင် သူ့အား မေးလာခဲ့လေ၏။

"မြို့အရှင်ခြံဝင်းကိုပဲ ပြန်ကြတာပေါ့... အခုချိန်မှာ ငါက တခြားဟာလုပ်ရအောင်လည်း ဗိုက်တော်တော်ပြည့်နေတယ်...."

ယွမ်က သူမကို ပြောလိုက်သည်။

"အရမ်းကောင်းတယ်...."

သူမက ခေါင်းငြိမ့်ခဲ့ပါသည်။

***